### (၁) အာလူးနှောင်းပင်နာကျရောဂါ (Late blight)

**ရောဂါဖြစ်စေသောသက်ရှိ - *Phytophthora infestans* (Mont.) de Bary**

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင် သေးငယ်သော အစိမ်းဖျော့(သို့) အစိမ်းရင့်ရောင်အပြောက်များစတင်ဖြစ်ပေါ်သည်။ ရာသီဥတုအခြေအနေပေးပါက ညိုမဲသော(သို့) ခရမ်းရင့်ရောင် ရေစိုနာရောဂါကွက် များဖြစ်လာသည်။ ရောဂါပြင်းထန်ပါက အရွက်များ မဲခြောက်၍ တွန့် သွားသည်။ ပင်စည်ကိုင်းနားများလည်း မဲလာသည်။ အာလူးဥများပေါ်တွင်လည်း ပုံမမှန် ညိုမဲရောင် (သို့) ခရမ်းရောင် အနာချိုင့်ကွက်များဖြစ်လာပြီး ပုပ်သွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ဒေသအလိုက် ခံနိုင်ရည်ရှိသော မျိုးကိုရွေးစိုက်ပါ။
- ရောဂါကင်းသော မျိုးကိုရွေးချယ်စိုက်ပါ။
- အာလူးသိုလှောင်ရာတွင် လေဝင်လေထွက်ကောင်းရန်ဆောင်ရွက်ပါ။
- အပူချိန်ကို လျှော့ချပေးပါ။ ရောဂါရအာလူးများကို ဖယ်ရှားသိုလှောင် ပါ။

- စိုက်ခင်းအနီးရောဂါရ အာလူးပင်များ/ခရမ်းချဉ်ပင်များနှင့် အခြားရောဂါ လက်ခံပင်များကို ဖျက်ဆီးပါ။
- ရောဂါကျအပင်အစိတ်အပိုင်းများ (အာလူးဥများအပါဝင်)ကို စိုက်ခင်းအတွင်း မထား ခဲ့ပါနှင့်။ စုပုံမီးရှို့ဖျက်ဆီးပါ။
- အာလူးဥဖော်ရာတွင် ဒဏ်ရာမရအောင် ဂရုစိုက်ပါ။
- အာလူးမျိုးဥ များကို မျိုးစေ့ ဆေးစီရင်ပြီး (dipping/ဆေးစိမ်ခြင်း) ပြုလုပ်ပြီး မှစိုက်ပျိုးပါ။
- ရောဂါလက္ခဏာကို စတွေ့တွေ့ချင်း စောနိုင်သမျှဆေးဖျန်းပါ။
- အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်းအသုံးပြုပါ။

Azoxystrobin (အဇိုဆီစထရိုဘင်)၊ Propineb (ပရောပီနက်ဘ်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Fosetyl-AL (ဖော့စတိုင်အေအယ်လ်)၊  Mancozeb (မန်ကိုဇက်)